mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | နိဒါန်း | က |
| ၁။ | ဆေးမင်ကြောင်ဓလေ့ | ၁ |
| ၂။ | မြန်မာနှင့် ထိုးကွင်းမင်ကြောင် | ၁၂ |
| ၃။ | ထိုးကွင်းမင်ကြောင်ဆေးများ | ၃၂ |
| ၄။ | ထိုးကွင်းမင်ကြောင်အမျိုးမျိုး | ၄၇ |
| ၅။ | ထိုးကွင်းမင်ကြောင် ထိုးနှံပုံ | ၆၈ |
| ၆။ | သိပ္ပံခေတ်ထိုးကွင်းမင်ကြောင် | ၁၀၄ |
| - | နိဂုံး | ၁၁၅ |
| - | တွေ့ဆုံဆွေးနွေးခဲ့သူများ | ၁၁၇ |
| - | ကျမ်းကိုးစာရင်း | ၁၂၀ |
| - | ပေးစာနှင့်မှတ်တမ်းများ | ၁၂၃ |


mgyoe.com

mgyoe.com


ထိုမှတစ်ဖန် ပါးကွက်အာဏာသားများဟု ခေါ်တွင်သော ရာဇဝတ်မှုထမ်း အချို့မှာလည်း အမှန်ပင် ပါးတွင် အကွက်ကြီးများရှိ၏။ ယင်းအကွက်ကြီးများမှာ ဆေးမင်ကြောင်ထိုးနှံထားခြင်းဖြစ်ပေ၏။ ၎င်း "တန်း" အမှုထမ်းများကို "ပါးကွက်" ဟု ခေါ်သည်။ ထိုပါးကွက်တို့မှာ ပါးနှစ်ဖက်တွင် မင်နက်ဖြင့် ဒင်္ဂါးဝိုင်းအရွယ်ခန့် ထိုးနှံထားရသည်။ ရင်ဘတ်တွင်လည်း "သူသတ်" ဟူသော စာတန်းကို မင်နက်ဖြင့် ထိုးနှံထားရသည်။[၇]

မြန်မာနိုင်ငံအလုံး နယ်ချဲ့လက်တွင်း ကျရောက်ပြီးနောက် နှစ်ပေါင်း အတန်ကြာတွင် နေနှယ် လနှယ် ထင်ရှားသော တော်လှန်ပုန်ကန်မှုကြီးတစ်ရပ်ဖြစ်ပွားခဲ့၏။ ယင်းကား သုပဏ္ဏက ဂဠုန်ရာဇာအမည်ခံ ဂဠုန်ဆရာစံ၏ လယ်သမားသူပုန်ကြီးပေတည်း။

ထိုပုန်ကန်မှုကြီးတွင် ပါဝင်သော ဂဠုန်တပ်သားများကို တာဝန်အနုအရင့်လိုက်၍ "ကတပ်သား"၊ "ခတပ်သား" ဟု ဆေးမင်ကြောင်ထိုးကာ အမှတ်အသားပြုခွဲခြားခဲ့ဖူးပေ၏။

## အလှအပအဖြစ်ထိုးနှံခြင်း

ကမ္ဘာပေါ်ရှိလူမျိုးအသီးသီးတို့ ဆေးမင်ကြောင်ထိုးနှံကြရာတွင် များသောအားဖြင့် အလှအပအလို့ငှာသာ ထိုးနှံကြပေသည်။

မြန်မာနိုင်ငံတွင် ထိုးကွင်းမင်ကြောင်ခေတ် ကောင်းခဲ့စဉ်က အမျိုးသမီးများလည်း အားကျမခံဝင်ထိုးတတ်ကြပါသည်။ ထိုသို့ထိုးရာတွင် ပေါင်တစ်ဖက် တစ်ချက်၌ ငုံးရုပ်၊ ကြက်ရုပ် စသည်များကို တစ်ရုပ်စီ ထိုးနှံခြင်းမျိုးဖြစ်၏။

---

၇။ "စလေဦးပုည" စာမျက်နှာ ၆၁၊ သီတာထွန်းပုံနှိပ်တိုက်၊ ကျောက်မြောင်း၊ ဒီဇင်ဘာလ ၁၉၆၆။

mgyoe.com

များသောအားဖြင့် ဟထိုးမဖတ်ဘဲ မင်သေ့ဟူ၍သာ အတွေ့များ၏။ မင်သည် ကျပ်ခိုး၊ မှိုင်း၊ မင်ဖြစ်၍ သေ့မှာ ထိုးသွင်းခြင်း၊ သွတ်သွင်းခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် မှင်သေ့ သို့မဟုတ် မင်သေ့မှာ လူအရေပြားအတွင်းသို့ မင်ကို ထိုးသွင်းစွဲထင်စေခြင်း၊ တစ်စုံတစ်ခုပေါ်တွင် မင်ဖြင့်ရေးထိုးခြင်းပင်ဖြစ်ပေသည်။

**မင်သေ့အစ ဝိဝါဒ**

မင်သေ့ထိုးနှံသည့် ဓလေ့ဖြစ်ပေါ်ပုံတွင် အောက်ပါအတိုင်းအယူအဆသုံးမျိုးကွဲပြားလျက်ဖော်ပြထားကြသည်ကိုတွေ့ရပါသည်။ ယင်းတို့မှာ –

(က) ပုဂံခေတ် အရည်းကြီးများက စတင်ခဲ့သည်။

(ခ) သရေခေတ္တရာ ဥတ္တမသီရိမထေရ်က စတင်သည်။

(ဂ) ထိုးကွင်းအစ မောင်ကံက ဟူ၍ဖြစ်ကြသည်။

**(က) အရည်းကြီးများ စတင်ပုံ**

အနော်ရထာမင်းလက်ထက်မတိုင်မီ ပုဂံပြည်ကြီးတွင် မင်းဆက်ပေါင်း သုံးဆယ်စိုးစံခဲ့ကြ၏။ ထိုမင်းများ၏ လက်ထက်တွင် အရည်းကြီးရှင်ယောင်များသည် မင်းနှင့် ပြည်သူတို့အပေါ်တွင် လွှမ်းမိုးခဲ့သည်။ ဩဇာညောင်းခဲ့သည်။

သူတို့၏ အကျင့်တရားမှာ သေသောက်ခြင်း၊ လက်ဖွေ့လက်ပန်းသတ်ခြင်း၊ ဓားလှံထိုးအဝတ်၊ လေးမြားပစ်ခတ်ခြင်း အတတ်တို့ကိုလေ့ကျင့်ခြင်း၊ ဆေးဝါးကုသခြင်းတို့ဖြစ်၏။ သူတို့ဖြန့်ဖြူးသော တရားများမှာအင်းအိုင်ခါးလှည့်၊ လက်ဖွဲ့ဂါထာမန္တန်များကိုကိုးကွယ်ရွတ်ဆိုစေခြင်းနှင့် စက်သွင်းအတတ် မှော်အတတ်တို့ကိုယုံကြည်စေခြင်း

mgyoe.com

mgyoe.com

ပြည့်ရှင်မင်းများကပါ လေ့လာလိုက်စားကာ အားပေးသမှု ပြုခဲ့ကြသည်။ ပြည်သူပြည်သား တိုင်းရင်းသားများလည်း ထိုးကွင်းမင်ကြောင်ကို မြတ်မြတ်နိုးနိုး ထိုးနှံခဲ့ကြသည်ကို တွေ့ရ၏။

အင်းဝခေတ် ဆင်ဖြူရှင်သီဟသူ (၇၈၃-၇၈၇) သည်လည်း မင်သေ့ထိုးခြင်းကို မြတ်နိုးပုံကို မဏိရတနာပုံကျမ်း၌

"ဆင်ဖြူရှင်ကား အလွန်တင့်တယ်လှပစွာ၏။ ခွင်ရေးလွှားကာလည်း တတ်စွာ၏။ ဆင်ဖြူရှင် မျက်သုတ်နီ စွန်တောင်ဝယ်ပေါက်စံကာ ကတော်မူသည်ကို ထိုအခါဝယ် လူအများတို့သည် တင့်လှနိုး၍ မိမိတို့၏လက်တွင် ကာကပဟန်မင်သေ့ထိုးကြကုန်သောဟူ၏။" ဟု ဖော်ပြထားသည်ကို တွေ့ရပေ၏။[၂၀]

ထိုမှတစ်ဖန် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရား (၉၁၂-၉၄၃) လက်ထက်တွင် သံကြိုး၊ တမန်ကြီးများပင် မင်သေ့ကို အဘယ်မျှ မြတ်နိုးဂုဏ်ယူကြောင်းကို

"မြန်မာရာဇဝင်များအရ ဟံသာဝတီဆင်ဖြူရှင်လက်ထက်အင်္ဂပတ်သို့ သံစေသည့်အခန်းတွင် ခွေးလင်းစားလည်း ကောင်းမွန်စွာ အဝတ်တန်ဆာတို့ကို ဝတ်၍ ပန်းဆိုးခေါင်းထုပ်နှင့်ပန်းမန်ထူထပ်စွာပန်၍ အင်္ကျီမဝတ်ဘဲ "မင်သေ့" ခါးပြက်ပြက်နှင့် အမွေးအထုံလိမ်း၍ တက်၏။" ဟု ဆိုသည်ဟူသော အမှတ်အသားကို တွေ့ရပေသည်။[၂၁]

သံလျင်ရောက်မင်းတရား (၉၇၁-၉၇၄) မှာမူ မင်သေ့ကို ကိုယ်တိုင် ထိုးနှံရုံသာမက သူတစ်ပါးကိုလည်း သူ့နည်းတူ အပြည့်ထိုးနှံစေရန် သူ၏ "တမျှသက်ကြည် စုနှင်းမည်ကို" ချီရတုတွင်

---

၂၀။ "မဏိရတနာပုံကျမ်း" ပထမတွဲ၊ ရှင်စန္ဒာလင်္ကာရ၊ စာမျက်နှာ ၂၉၉။
၂၁။ "ဆင်ယင်ထုံးဖွဲ့မှု" ရွှေကိုင်းသား၊ စာမျက်နှာ ၅၂။

mgyoe.com

mgyoe.com


ထိုးကွင်းမင်ကြောင်ရုပ်ကို လေ့လာလိုက်စားသူမဟုတ်လျှင် မည်သည့် အရုပ်ဟု ချက်ခြင်းခန့် သိရန်မလွယ်ပေ။ သမ်းကြောင်လော၊ ဇော်ဂျီလောခွဲမရသည့်နည်းတူ ပိုးဟပ်လော၊ ပင့်ကူလောလည်း မကွဲပြားတတ်ပေ။

အရုပ်သဏ္ဌာန်တို့၏ အဆစ်အပိုင်းမှာလည်း မပြေပြစ်ချေ။ ပေါင်တွင်ထိုးသော အရုပ်များ မပြေပြစ်ခြင်းထက် ကျော၊ ရင်ဘတ် စသည်တို့တွင် ထိုးနှံထားသော နတ်ရုပ်များ၊ ဘီလူးရုပ်များ မပြေပြစ်ပုံမှာ သိသာလှ၏။

စိတ်၌ ခံစားခြင်းမှာလည်း ပန်းချီကားတစ်ချပ်ကို ကြည့်ပြီးဖြစ်ပေါ်လာသော ခံစားရမှုမျိုးသည် ထိုးကွင်းမင်ကြောင်ရုပ်ကိုကြည့်ပြီးဖြစ်ပေါ်သော ခံစားမှုမျိုး မဟုတ်ချေ။

တစ်ဖန် ထိုးကွင်းမင်ကြောင်ရုပ်များသည် တင့်တယ်ဖွယ်ရာဖြစ်သည်၊ တူသည်ဆိုရမည့်အချက်များနှင့်လည်း လုံးဝကိုက်ညီခြင်းမရှိချေ။

နောက်ဆုံးအချက်ဖြစ်သည့် စုတ်ဆေးကို သုံးစွဲခြင်းမှာလည်း ရေးဆွဲရသော ပန်းချီစုတ်မျိုးမဟုတ်သဖြင့် အကျုံးဝင်သည်ဟု မဆိုသာပေ။

ထို့ပြင် မြန်မာတို့၏ ပန်းချီသည် "ကနုတ်၊ နရီ၊ ကပိ၊ ဂဇာ" တွင် အခြေခံသော်လည်း ထိုးကွင်းမင်ကြောင်ရုပ်များတွင် မိန်းမရုပ် မရှိလောက်နီးပါး ရှားပါးသည်။ ဂဇာဟူသော ဆင်မှာလည်း နရီနည်းတူ ပင်ဖြစ်ကာ ကနုတ်နှင့် ကပိတို့သာ ထိုးနှံလေ့ရှိကြ၏။ ထို့ကြောင့် ထိုးကွင်းမင်ကြောင်သည် ပန်းချီမဟုတ်ဟု ဆိုရပေလိမ့်မည်။

❑

mgyoe.com